သအ်ဝီးဇ်ချိတ်ဆွဲသူသည် အလ္လာဟ်အရှင်မြတ်နှင့်

ရှိရ်က်တုဖက်နှိုင်းယှဉ်လိုက်ခြင်းဖြစ်သည်။

အုက်ဗဟ်ဗင်န်အာမိရ် အလ်ဂျုဟနီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံတော်ပါးသို့
အုပ်စုတစ်စုရောက်လာလေရာ ကိုယ်တော်မြတ်သည်
ကိုးဦးသောသူ၏သစ္စာခံခြင်းလက်ခံလိုက်ပြီး တစ်ဦး၏သစ္စာခံခြင်းကို
လက်မခံဘဲရပ်ဆိုင်းထား၏။ သာဝကကြီးများက လျှောက်ထားကြသည်မှာ
ကိုးဦးသောသူ၏သစ္စာခံခြင်းကို လက်ခံလိုက်ပြီး ဤသူ့ကို
အဘယ်ကြောင့်စွန့်ပယ်ထားပါသနည်း။ ကိုယ်တော်မြတ်က ဖြေကြားတော်မူသည်မှာ သူ့ထံတွင်
သအ်ဝီးဇ်လက်ဖွဲ့ရှိသောကြောင့်ဖြစ်သည်။ ထို့နောက်ကိုယ်တော်မြတ်သည်
မိမိလက်ဖြင့်နှိုက်၍သအ်ဝီးဇ်အား ဖြတ်လိုက်လေသည်။ ပြီးနောက် သူ၏သစ္စာခံခြင်းကို
လက်ခံလိုက်သည်။ ၎င်းနောက်မိန့်ကြားတော်မူသည်မှာ သအ်ဝီးဇ်ချိတ်ဆွဲသူသည်
အလ္လာဟ်အရှင်မြတ်နှင့် ရှိရ်က်တုဖက်နှိုင်းယှဉ်လိုက်ခြင်းဖြစ်သည်။
[حسن] [رواه أحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ထံတော်ပါးသို့ အုပ်စုတစ်စုရောက်လာသည်။သူတို့အားလုံး ဆယ်ယောက်ရှိကြသည်။ ကိုးဦးသောသူသည် အစ္စလာမ်သာသနာတော်ကို လက်ခံပြီးကိုယ်တော်မြတ်၏နောက်သို့လိုက်ပါမည်ဟု သစ္စာခံခဲ့ကြသည်။ ဆယ်ရောက်မြောက်ပုဂ္ဂိုလ်၏သစ္စာခံခြင်းကို လက်မခံခဲ့ပေ။ ဤသို့ဖြစ်ရခြင်း၏အကြောင်းတ ရားအားကိုယ်တော်မြတ်အား မေးမြန်းကြသည့်အခါ ကိုယ်တော်မြတ်ကဖြေကြားသည်မှာ - သူ့ထံတွင်သအ်ဝီးဇ်လက်ဖွဲ့ရှိသောကြောင့်ဖြစ်သည်။ လက်ဖွဲ့ဟူသည် မျက်စိထိခြင်း သို့မဟုတ်ဘေးအန္တရယ်အပေါင်းမှ ကင်းဝေးရန်အတွက် ပုတီးစေ့ကဲ့သို့အရာများနှင့်အခြားအရာများဖြင့် ချည်ထားသော သို့မဟုတ် ချိတ်ထားသောအရာကို ခေါ်ပေသည်။ ထို့နောက်ကိုယ်တော်မြတ်သည် သအ်ဝီးဇ် လက်ဖွဲ့ရှိနေသည့်နေရာကိုမိမိလက်ဖြင့်နှိုက်၍သအ်ဝီးဇ်အား ဖြတ်ကာ ဖယ်ရှားလိုက်လေသည်။ ဤသို့ပြုပြီးနောက်သူ၏သစ္စာခံခြင်းကို လက်ခံလိုက်သည်။ ၎င်းနောက် သအ်ဝီးဇ် လက်ဖွဲ့များမှတားမြစ်သောအားဖြင့် ယင်းသအ်ဝီးဇ်၏အမိန့်ကို ရှင်းပြလျက် မိန့်ကြားတော်မူသည်မှာသအ်ဝီးဇ်ချိတ်ဆွဲသူသည် အလ္လာဟ်အရှင်မြတ်နှင့်ရှိရ်က်တုဖက်နှိုင်းယှဉ်လိုက်ခြင်းဖြစ်သည်။

https://sunnah.global/hadeeth/my/show/6762


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee